# သားအိမ်ခေါင်းကင်ဆာ စစ်ဆေးရန် လိုအပ်နေပါသလား။

## သားအိမ်ခေါင်းကျန်းမာရေးအတွက် အတိုချုပ်လမ်းညွှန်

## မည်သူတို့ စစ်ဆေးမှုခံယူသင့်ပါသနည်း။ – သားအိမ်ခေါင်းရှိသည့် ဤပုဂ္ဂိုလ်များ-

**• အမျိုးသမီးများ • အမျိုးသားကဲ့သို့ ဝတ်ဆင်နေထိုင်သူများ • ကျား/မ စံသတ်မှတ်ချက်ဘောင်အတွင်း မခံယူထားသူများ**

လိင်မှုကိစ္စ လုပ်ဆောင်ဖူးခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသက် 21 နှစ်ပြည့်ပါက စစ်ဆေးမှုစတင်ခံယူသင့်ပါသည်။

- **အသက်** 65 **နှစ်အထက်ဖြစ်ပါက- ယခင်ရလဒ်များသည် ပုံမှန်ဖြစ်ပါက စစ်ဆေးရန် လိုအပ်မည်မဟုတ်ပါ။**
- **အသက်** 21 **နှစ်အောက်ဖြစ်ပါက- စစ်ဆေးမှုခံယူရန် မလိုအပ်ပါ** (HPV (**သားအိမ်ခေါင်းကင်ဆာ ရောဂါပိုး) ကာကွယ်ဆေးထိုးရန် အကြံပြုပါသည်**)

✔ သင်၏ ကျန်းမာရေးဆိုင်ရာ ရာဇဝင်ပေါ်မူတည်၍ ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်က အစီအစဉ်အမျိုးမျိုးကို အကြံပြုနိုင်ပါသည်

---

## တင်ပါးဆုံရိုးတွင်း စစ်ဆေးမှုတိုင်းတွင် သားအိမ်ခေါင်းအချွဲမြေး စစ်ဆေးမှု မပါဝင်ပါ

သင်သည် တင်ပါးဆုံရိုးတွင်း စစ်ဆေးမှု ခံယူခဲ့သည့်တိုင် သားအိမ်ခေါင်းကင်ဆာရှိမရှိ စစ်ဆေးရသေးဘဲ ဖြစ်နေနိုင်ပါသည်။

✔ အမြဲမေးရမည်မှာ- **"ယနေ့ သားအိမ်ခေါင်းအချွဲမြေး စစ်ဆေးမှု ခံယူမည်လား။"**

---

## အောက်ပါတို့သည် သားအိမ်ခေါင်းစစ်ဆေးမှု အမျိုးအစားကွဲများဖြစ်သည်-

- **သားအိမ်ခေါင်းကင်ဆာ စစ်ဆေးခြင်း-** သင်သည် **သားအိမ်ခေါင်းအချွဲမြေး စစ်ဆေးမှု** တစ်ခုတည်းကို လုပ်ဆောင်နိုင်သလို HPV **စစ်ဆေးမှုနှင့်တွဲဖက်၍လည်း သားအိမ်ခေါင်းအချွဲမြေး စစ်ဆေးမှုကို လုပ်ဆောင်နိုင်ပါသည်။**
  စစ်ဆေးမှုနှစ်ခုစလုံးသည် သားအိမ်ခေါင်းကင်ဆာ ရှိမရှိ စစ်ဆေးရာတွင် အထောက်အကူပြုပါသည်။
- STI (**လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ) စစ်ဆေးခြင်း → လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ ရှိမရှိ စစ်ဆေးပေးပါသည်**
- **မိန်းမကိုယ်ရောင်ရမ်းမှု စစ်ဆေးခြင်း → မိန်းမကိုယ် ယားယံကျိန်းစပ်စေသည့် အကြောင်းရင်းများ (ဥပမာ မှိုပိုးဝင်ခြင်း သို့မဟုတ် ဗက်တီးရီးယားပိုးကြောင့် မိန်းမကိုယ်ရောင်ရမ်းခြင်း) ကို စစ်ဆေးပေးပါသည်**

---

## သားအိမ်ထုတ်ခဲ့ဖူးပါသလား။

သားအိမ်ထုတ်ထားသော်လည်း သားအိမ်ခေါင်းကင်ဆာ စစ်ဆေးရန် လိုအပ်ဆဲဖြစ်နေနိုင်သည်။

- **သားအိမ်ခေါင်း ထုတ်ထားသည်ဆိုပါက → သားအိမ်ခေါင်းအချွဲမြေး စစ်ဆေးမှုကို လုပ်ဆောင်ရန် လိုအပ်လေ့မရှိပါ**
- **သားအိမ်ခေါင်း ရှိနေဆဲဖြစ်ပါက → အချွဲမြေး စစ်ဆေးမှုကို လုပ်ဆောင်ရန် လိုအပ်ပါသည်**

✔ မသေချာပါက ကျွန်ုပ်တို့ထံ မေးမြန်းပါ၊ ကူညီပေးနိုင်ပါသည်

---

## ကိုယ်ဝန်ရှိနေပါသလား။

သင်သည် မီးမဖွားမီ ဆေးခန်းပြစဉ်အတွင်း အချွဲမြေး စစ်ဆေးမှုကို အလိုအလျောက် လုပ်ဆောင်ရမည်မဟုတ်ပါ။

✔ စစ်ဆေးမှုခံယူရန် သင့်တော်သည့်အချိန်ကို သင့်ကျန်းမာရေးစောင့်ရှောက်သူထံ မေးမြန်းပါ

---

## စိုးရိမ်ပူပန်နေပါသလား။

ပြဿနာမဟုတ်ပါ။ သင်၏ သက်သောင့်သက်သာရှိမှုနှင့် ဘေးကင်းမှုသည် အရေးပါပါသည်။

- **အဖော်ဝန်ထမ်းတစ်ဦးက ပံ့ပိုးပေးနိုင်ပါသည် (များသောအားဖြင့် သူနာပြု)**
- **စစ်ဆေးသူကို အမျိုးသား သို့မဟုတ် အမျိုးသမီး ရွေးချယ်နိုင်ပါသည်**
- **လိုအပ်ပါက ကူညီပေးရန် စကားပြန်တစ်ဦး ရှိပါမည်**
- **သင်၏ခန္ဓာကိုယ်နှင့် သင်ခံယူမည့် ကုသစောင့်ရှောက်မှုကို သင်ကိုယ်တိုင် ထိန်းချုပ်နိုင်ပါသည်**
- **စစ်ဆေးမှုကို အချိန်မရွေး ရပ်တန့်ရန် သင်တောင်းဆိုနိုင်ပါသည်**
- **စစ်ဆေးမှုမခံယူမီ သိလိုသော မေးခွန်းများကို မေးမြန်းနိုင်ပါသည်**

---

## • သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုကို လူတိုင်းခံယူသင့်သည့် အကြောင်းရင်း

လူတိုင်း သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုခံယူရန် အရေးကြီးပါသည်။ သားအိမ်ခေါင်းကင်ဆာသည် ရောဂါလက္ခဏာ စောစောပြလေ့မရှိသောကြောင့် လူအများစုသည် ရောဂါရှိနေမှန်း မသိနိုင်ပါ။ လူမည်းနှင့် လက်တင်အမေရိက အမျိုးသမီးများကဲ့သို့ အချို့သောအစုအဖွဲ့များသည် ရောဂါကုသရန် ခက်ခဲသည့်အချိန်ရောက်မှ ကင်ဆာဖြစ်နေမှန်း သိလေ့ရှိကြပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ၎င်းတို့အနေဖြင့် ပုံမှန် ကျန်းမာရေးစစ်ဆေးခြင်းနှင့် စောင့်ရှောက်မှုများကို အခြားသူများနှင့် တန်းတူမရရှိသောကြောင့်ဖြစ်သည်။ ပုံမှန်စစ်ဆေးပါက ရောဂါလက္ခဏာများကို စောစောရှာတွေ့နိုင်ပြီး အလွယ်တကူ ကုသနိုင်ပါသည်။

---

**မေးခွန်းများရှိပါသလား။ ယနေ့ပင် သင်၏ စောင့်ရှောက်ရေးအဖွဲ့ထံ မေးမြန်းလိုက်ပါ။**

**716-831-8612**

ECMC Family Health Center

ECMC Population Health & Health Equity